# မန္တလေးတွင် မော်တော်ယာဉ်နှစ်လဲမှတ်ပုံတင် သက်တမ်းတိုးခြင်း နှင့် မော်တော်ယာဉ် မှန်ကန်ခြင်း ရှိ/မရှိ စစ်ဆေး ယာဉ်စစ်ရက်ချိန်းရယူခြင်းတို့အား Online Booking System ကျင့်သုံးခြင်းအား ယာဉ်ပိုင်ရှင်များသို့အသိပေးခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) နှင့် (မန္တလေးတောင်ပိုင်း)တို့တွင် နေ့စဉ် နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးယာဉ်စီးရေ နှင့် မော်တော်ယာဉ်မှန်ကန်မှုရှိ/မရှိ စစ်ဆေးသည့်ယာဉ်စီးရေများပြားလျက်ရှိပါသဖြင့်လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ လုပ်ငန်းလာရောက်ဆောင်ရွက်သူပြည်သူများအဆင်ပြေချောမွေ့စေရေးအတွက် နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးယာဉ် ယာဉ်စစ်ရက်ချိန်းရယူခြင်း နှင့် မော်တော်ယာဉ် မှန်ကန်မှုရှိ/မရှိ ယာဉ်စစ်ရက်ချိန်း ရယူခြင်းတို့အား www. rtad.gov.mm Website တွင် ကြိုတင်စာရင်းသွင်းသည့် စနစ် (Online Booking System) ကို (၁.၁၀.၂၀၁၈) ရက် (တနင်္လာနေ့) မှ စတင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၂။ ရက်ချိန်းရယူလိုသည့် ယာဉ်ပိုင်ရှင်များသည် (၂၈.၉.၂၀၁၈) ရက် (သောကြာ) နေ့ မှစတင်၍ ယာဉ်စစ်ရက်ချိန်းကို Online Booking စနစ်ဖြင့် စတင်ရယူနိုင်မည်ဖြစ်ပြီး အနည်းဆုံး (၃)ရက်မှ အများဆုံး (၃၀)ရက် အထိ ကြိုတင်ရယူနိုင်မည်ဖြစ်သည်။

၃။ Online Booking စနစ်အား နှစ်လဲမှတ်ပုံတင်သက်တမ်းတိုး မော်တော်ယာဉ်များ အတွက်သာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နယ်ဝင်ယာဉ်များ၊ ပြောင်းလဲခြင်းစစ်ဆေးခံမည့်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များ၊ ထရော်လာဂျီများနှင့် ၂ တန်နှင့်အထက် မော်တော်ယာဉ်များသည် Online Booking ရယူရန်မလိုဘဲ ယခင်အတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက်ရုံးဖွင့်ရက် တစ်ရက်လျှင် နံနက်ပိုင်း(၀၉:၀၀)နာရီမှ (၁၂:၀၀) နာရီအထိ နှင့် နေ့လည်ပိုင်း (၁၃:၀၀) နာရီမှ (၁၅:၃၀) နာရီအထိ (၂)ချိန်ခွဲ၍ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) ၌ နံနက်ပိုင်း(၁၅၀)စီး၊ နေ့လည်ပိုင်း(၁၂၅)စီး နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) ၌ နံနက်ပိုင်း(၂၀၀)စီး၊ နေလည်ပိုင်း (၁၇၅)စီး လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ Online Booking ရယူရန် အခက်အခဲရှိသူများ နှစ်လဲသက်တမ်းတိုး ဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် လတစ်လ ၏ နောက်ဆုံး ရုံးဖွင့်ရက် (၂) ရက်ကို Online Booking ရက်ချိန်းရယူရန်မလိုဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။


၄။ မော်တော်ယာဉ်မှန်ကန်ခြင်း ရှိ/မရှိ ယာဉ် စစ်ဆေးခြင်းကို နေ့စဉ် ရုံးဖွင့်ရက်များ အတွင်း နှစ်လဲသက်တမ်းတိုးဆောင်ရွက်ပြီးချိန် နေ့လည်(၁)နာရီနောက်ပိုင်း၊ လစဉ်လဆန်း(၁)ရက်မှ(၂၅)ရက် အတွင်း ရုံးဖွင့်ရက်တစ်ရက်လျှင် မော်တော်ယာဉ် စီးရေ(၅၀)စီး လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၅။ နှစ်လဲမှတ်ပုံတင် ယာဉ်စစ်ဆေးရက်ချိန်းရယူရန် အောက်ပါအတိုင်းဆောင်ရွက်ရပါမည်-

(က) Chrome Browser (သို့) Web Browser တစ်ခုခု မှတဆင့် www.rtad.gov.mm website ကိုဝင်ပါ။ အောက်ပါအတိုင်းပေါ်လာမည်-





(ခ) ရက်ချိန်းရယူရန် ကို Click နှိပ်ပါ။ အောက်ပါအတိုင်းပေါ်လာမည်-



(ဂ) Online Appointment Application Form တွင်အောက်ပါအချက်များဖြည့်စွက်ပါ-

(၁) **မိမိယာဉ်မှတ်ပုံတင်ထားသည့်ရုံးကို ရွေးချယ်ပါရန်၊**





(၂) **လျှောက်ထားမှုကိုရွေးချယ်ရန်၊**

- **ပိုင်ရှင်ကိုယ်တိုင်/ကိုယ်စားလှယ်ကိုရွေးချယ်ပါ။**




(၃) လာရောက်မည့်ရက်ရွေးချယ်ရန်၊

- မိမိယာဉ်စစ်ဆေးလိုသည့်ရက်ရွေးချယ်ပါရန်၊





(၄) ယာဉ်စစ်ဆေးလိုသည့်အချိန်ရွေးချယ်ပါရန်၊




(၅) ယာဉ်အမှတ်အားဖြည့်ရန် -

- ယာဉ်အမှတ်ကို ဖော်ပြထားသည့် Format Type အတိုင်းရိုက်ထည့်ပါ။





(၆) **စစ်ဆေးရန်** ကို Clickနှိပ်ပါ။ မိမိထည့်သွင်းထားသည့်အချက်အလက်များ မှန်ကန် လျှင် အောက်ပါအတိုင်းပေါ်လာမည် -



(ဃ) စစ်ဆေးမှုအောင်မြင်ပါက Ok ကို Click နှိပ်လျှင် မိမိယာဉ်၏ အချက်အလက်များ အလို အလျောက်အောက်ပါအတိုင်းပေါ်လာမည် -


- **ဆက်သွယ်ရန်ဖုန်းနံပါတ်ကို ဖြည့်ပြီး I'm not a robot ကို Click နှိပ်ပါ။**





(င) I'm not a robot ကို Click နှိပ်ပြီးပါက Instructions အတိုင်းဆောင်ရွက်ပါ။

ဥပမာ -

- Roads ရွေးချယ်ခိုင်းပါက Road (လမ်း ပုံများ) ကို ရွေးချယ်Click နှိပ်ပါ။
- Car ရွေးချယ်ခိုင်းပါက Car ပုံများကို ရွေးချယ်Click နှိပ်ပါ။
- Street Signs ရွေးချယ်ခိုင်းပါက လမ်းညွှန်း ပုံများကို ရွေးချယ်Click နှိပ်ပါ။




(စ) ရွေးချယ်ခိုင်းသည့် ပုံများမရှိလျှင် VERIFY (OR) SKIP ကို Click နှိပ်ပါ။ အောက်ပါအတိုင်း I'm not a robot တွင် အမှန်ခြစ် ( √ ) ဖြစ်သွားမည် -




(ဆ) လျှောက်ထားရန် Click နှိပ်ပါ။ " **ရက်ချိန်းရယူမှုအောင်မြင်ပါသည်** " ဟု အောက်ပါ အတိုင်းပေါ်လာမည် -



(ဇ) Download Appointment Letter Here Link ကို Click နှိပ်၍ Download ဆွဲယူပါ။ အောက်ပါအတိုင်းပေါ်လာမည် -


Appointment Letter

(နံနက်ပိုင်း( ၉:၀၀ မှ ၁၂:၀၀ ထိ နာရီ အထိ))

အမှတ်စဉ် : 5baa140f6978c

ရက်စွဲ : 25-09-2018

| | | |
|---|---|---|
| ၁။ ယာဉ်အမှတ် | - | 3M/5504 |
| ၂။ လုပ်ငန်းဆောင်ရွက်မည့်ရုံး | - | (M5)-ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၃။ လျှောက်ထားမှု | - | ပိုင်ရှင်ကိုယ်တိုင်/ကိုယ်စားလှယ် |
| ၄။ လာရောက်ဆောင်ရွက်မည့်နေ့ | - | 28-09-2018 |
| ၅။ လာရောက်ဆောင်ရွက်ရမည့်အချိန် | - | နံနက်ပိုင်း( ၉:၀၀ မှ ၁၂:၀၀ ထိ နာရီ အထိ) |
| ၆။ ယာဉ်အမျိုးအမည် | - | TOYOTA RACTIS NSP120 |
| ၇။ ယာဉ်အမျိုးအစား | - | HB |
| ၈။ ယာဉ်သက်တမ်းကုန်ဆုံးရက် | - | 10/31/2018 |
| ၉။ ဆက်သွယ်ရန်ဖုန်းနံပါတ် | - | 0944444986 |

မှတ်ချက်။ (၁) သတ်မှတ်ချိန်ထက် နောက်ကျပါက ရက်ချိန်း စာရင်းမှ အလို အလျောက်ပယ်ဖျက်ပါမည်။

(၂) အခြားယာဉ် အစားထိုးခွင့် (မရှိ)မရှိပါ။

(၃) အဆိုပါ Appointment Letter အား Printout ထုတ်၍ယူဆောင်လာရမည်။

(သို့မဟုတ်) download ရရှိသည့်.pdf ဖိုင်ပါ Appointment Letter အား


Hand Phone (သို့မဟုတ်) Tablet တစ်ခုခုဖြင့် တင်ပြနိုင်ရမည်။

(ဈ) အထက်ပါ Download ရရှိသည့် **.pdf** ဖိုင်ကို Printout ထုတ်၍လည်းကောင်း၊ Hand Phone (or) Tablet ဖြင့် (Save)သိမ်းထား၍လည်းကောင်း မိမိယာဉ် စစ်ဆေးခံရမည့် ရက်တွင် တင်ပြရမည်။

(ည) Appointment Letter ပျောက်ဆုံးလျှင်သော်လည်းကောင်း၊ Appointment Letter Download မလုပ်မိလျှင်သော်လည်ကောင်း **ရက်ချိန်းစာပြန်လည်တောင်းဆိုရန်** ကို Click နှိပ်၍ အောက်ပါအတိုင်း ရက်ချိန်းစာ ပြန်လည် Download ရယူနိုင်ပါသည် -




(၁) **ရက်ချိန်းစာပြန်လည်တောင်းဆိုရန်** ကို Click နှိပ်ပါက အောက်ပါအတိုင်း ပေါ်လာမည် -





(၂) မိမိ **ယာဉ်အမှတ်**ကို ရိုက်ထည့်ပါ၊ **ရက်ချိန်းရယူထားသည့်ရက်** ကို ရွေးချယ်ပါ၊ I'm not a robot ကို Click နှိပ်ပြီး၊ Instructions အတိုင်းဆောင်ရွက်ပါ၊ I'm not a robot တွင် အမှန်ခြစ် ( √ ) ဖြစ်သွားပါက တောင်းဆိုရန် Click နှိပ်ပါ။ Download Appointment Letter ကျလာမည်၊ Download Appointment Letter Here Link ကို Click နှိပ်၍ Download ပြန်လည်ဆွဲယူပါ။


(၄) ရက်ချိန်းရယူထားသည့် ရက်တွင် မဆောင်ရွက်နိုင်လျှင် ရက်ချိန်းရယူထားသည့် ရက်မတိုင်မီ အနည်းဆုံး တစ်ရက် ကြိုတင်၍ **ပယ်ဖျက်ရန်** အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ပါသည် -



(၁) **ရက်ချိန်းပယ်ဖျက်ရန်** ကို **Click** နှိပ်ပါက အောက်ပါအတိုင်းပေါ်လာမည် -





(၂) မိမိယာဉ်အမှတ်ကို ရိုက်ထည့်ပါ၊ ရက်ချိန်းရယူထားသည့် ရက်ကို ရွေးချယ်ပါ၊ **I'm not a robot** ကို **Click** နှိပ်ပြီး၊ **Instructions** အတိုင်းဆောင်ရွက်ပါ၊ **I'm not a robot** တွင် အမှန်ခြစ် ( √ ) ဖြစ်သွားပါက **ပယ်ဖျက်ရန်** ကို Click နှိပ်ပါ။ ရက်ချိန်းပယ်ဖျက်၍ အောင်မြင် ပါသည်ဟု ပေါ်လာမည် -



၆။ မှတ်ပုံတင်ယာဉ် မှန်ကန်ခြင်း ရှိ/မရှိ ယာဉ်စစ်ဆေးရက်ချိန်းရယူရန် အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-


(က) Chrome Browser (သို့) Web Browser တစ်ခုခု မှတဆင့် www.rtad.gov.mm website ကိုဝင်ပါ။

- မှတ်ပုံတင်ယာဉ် မှန်ကန်ခြင်း ရှိ/မရှိ စစ်ဆေးရန် ၏ ရက်ချိန်းရယူရန်ကို Click နှိပ်ပါ။ အောက်ပါ အတိုင်း ပေါ်လာမည်-





(ခ) Online Appointment Application Form တွင် အောက်ပါအချက်များဖြည့်စွက်ပါ-


(၁) **လာရောက်ဆောင်ရွက်မည့်ရုံးရွေးချယ်ရန်**




## (၂) လာရောက်ဆောင်ရွက်မည့်နေ့ရွေးချယ်ရန်





## (၃) မော်တော်ယာဉ်အမှတ်ထည့်သွင်းရန်




(၄) **စစ်ဆေးရန်ကို Click နှိပ်ပါ**




(၅) **အောက်ပါအတိုင်း စစ်ဆေးမှုအောင်မြင်သည့် အသိပေးစာ ပေါ်လာပါက OK ကို Click နှိပ်ပါ**





(၆) **အောက်ပါအတိုင်း ပေါ်လာမည့် ဆက်သွယ်ရန် ဖုန်းနံပါတ်ကို ဖြည့်ပြီး " I'm not a robot " ကို Click နှိပ်ပါ။**




(၇) **I'm not a robot ကို Click နှိပ်ပြီးပါက Instructions အတိုင်းဆောင်ရွက်ပါ။ ဥပမာ -**

- Roads ရွေးချယ်ခိုင်းပါက Road (လမ်း ပုံများ) ကို ရွေးချယ်Click နှိပ်ပါ။
- Car ရွေးချယ်ခိုင်းပါက Car ပုံများကို ရွေးချယ်Click နှိပ်ပါ။
- Street Signs ရွေးချယ်ခိုင်းပါက လမ်းညွှန်း ပုံများကို ရွေးချယ်Click နှိပ်ပါ။




(၈) **ရွေးချယ်ခိုင်းသည့် ပုံများမရှိလျှင် VERIFY (OR) SKIP ကို Click နှိပ်ပါ။ အောက်ပါအတိုင်း I'm not a robot တွင် အမှန်ခြစ် ( √ ) ဖြစ်သွားမည်**



(၉) I'm not a robot (√ ) အစိမ်းရောင်အမှန်ခြစ် ဖြစ်သွားပါက လျှောက်ထားရန် ကို Click နှိပ်ပါ ၊ အောက်ပါအတိုင်း ရက်ချိန်းရယူမှုအောင်မြင်ကြောင်းဖော်ပြပါမည် - Download Appointment Letter Here ကို Click နှိပ်၍Appointment Letter .pdf ဖိုင် ကို Download ရယူနိုင်ပါသည်

ရက်ချိန်းရယူမှု အောင်မြင်ပါသည်

အောက်ပါ Link ကို နှိပ်၍ download ဆွဲယူပါ

Download Appointment Letter Here

Download ရရှိသည့် pdf ဖိုင်ပါ Appointment Letter အား Print ထုတ်၍ ယူခဲ့ရပါမည်။
(သို့မဟုတ်)
Download ရရှိသည့် pdf ဖိုင်ပါ Appointment Letter အား Phone or Tablet or Notebook တစ်ခုခုဖြင့် တင်ပြနိုင်သည်။

(၁၀) အောက်ပါ Appointment Letter Print ထုတ်ယူ၍ လည်းကောင်း၊ Download ရရှိသည့် .pdf ဖိုင် ကို Hand Phone (or) Tablet တစ်ခုခုဖြင့် လည်းကောင်း တင်ပြနိုင်ရပါမည်

မှတ်ပုံတင်ယာဉ်မှန်ကန်ခြင်း ရှိ/မရှိ စစ်ဆေးရန်
Appointment Letter

(နေ့လည်(၁း၀၀)နာရီနောက်ပိုင်းမှ လာရောက်ပါရန်)

အမှတ်စဉ် : 5bab71f36c8c8
ရက်စွဲ : 26-09-2018


| | | |
|---|---|---|
| ၁။ ယာဉ်အမှတ် | - | 6I/6276 |
| ၂။ လုပ်ငန်းဆောင်ရွက်ရမည့်ရုံး | - | ( M5)- ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) |
| ၃။ လာရောက်ရမည့်နေ့ | - | 10-10-2018 |
| ၄။ ယာဉ်အမျိုးအမည် | - | TOYOTA CALDINA ST246 |
| ၅။ ယာဉ်သက်တမ်းကုန်ဆုံးရက် | - | 2/29/2020 |
| ၆။ ဆက်သွယ်ရန်ဖုန်းနံပါတ် | - | 0944444445 |

မှတ်ချက်။ (၁) ပုံမှန်နှစ်လဲသက်တမ်းတိုး ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးချိန် နေ့လည် (၁း၀၀)နာရီနောက်ပိုင်းမှသာ ဆောင်ရွက်ပေးပါမည်။
(၂) သတ်မှတ်ချိန်ထက် နောက်ကျပါက ရက်ချိန်း စာရင်းမှ အလိုအလျောက်ပယ်ဖျက်ပါမည်။
(၃) အခြားယာဉ် အစားထိုးစစ်ဆေးခွင့် မရှိပါ။
(၄) အဆိုပါ Appointment Letter အား Printout ထုတ်၍ယူဆောင်လာရမည်။
(သို့မဟုတ်) download ရရှိသည့်.pdf ဖိုင်ပါ Appointment Letter အား Hand Phone (သို့မဟုတ်) Tablet တစ်ခုခုဖြင့် တင်ပြနိုင်ရမည်။

(ဂ) Appointment Letter ပျောက်ဆုံးလျှင်သော်လည်းကောင်း၊ Appointment Letter Download မလုပ်မိလျှင်သော်လည်းကောင်း **ရက်ချိန်းစာပြန်လည်တောင်းဆိုရန်** ကို Click နှိပ်၍ အောက်ပါအတိုင်း ရက်ချိန်းစာ ပြန်လည် **Download** ရယူနိုင်ပါသည် -





(၁) **ရက်ချိန်းစာပြန်လည်တောင်းဆိုရန်**ကို Click နှိပ်ပါက အောက်ပါအတိုင်း ပေါ်လာမည် -





(၂) မိမိ **ယာဉ်အမှတ်**ကို ရိုက်ထည့်ပါ၊ **ရက်ချိန်းရယူထားသည့်ရက်**ကို ရွေးချယ်ပါ၊ **I'm not a robot** ကို Click နှိပ်ပြီး၊ Instructions အတိုင်းဆောင်ရွက်ပါ၊ **I'm not a robot** တွင် အမှန်ခြစ် ( √ ) ဖြစ်သွားပါက တောင်းဆိုရန် Click နှိပ်ပါ။ Download Appointment Letter ကျလာမည်၊ Download Appointment Letter Here Link ကို Click နှိပ်၍ Download ပြန်လည်ဆွဲယူပါ။


(ဃ) ရက်ချိန်းရယူထားသည့်ရက်တွင် မဆောင်ရွက်နိုင်လျှင် ရက်ချိန်းရယူထားသည့်ရက်မတိုင်မီ အနည်းဆုံး တစ်ရက် ကြိုတင်၍ ပယ်ဖျက်ရန် အောက်ပါလုပ်ငန်းစဥ်များအတိုင်း ဆောင်ရွက်နိုင်ပါသည် -




(၁) **ရက်ချိန်းပယ်ဖျက်ရန်** ကို Click နှိပ်ပါက အောက်ပါအတိုင်းပေါ်လာမည် -




(၂) မိမိယာဉ်အမှတ်ကို ရိုက်ထည့်ပါ၊ ရက်ချိန်းရယူထားသည့် ရက်ကို ရွေးချယ်ပါ၊ I'm not a robot ကို Click နှိပ်ပြီး၊ Instructions အတိုင်းဆောင်ရွက်ပါ၊ I'm not a robot တွင် အမှန်ခြစ် ( √ ) ဖြစ်သွားပါက **ပယ်ဖျက်ရန်** ကို Click နှိပ်ပါ။ ရက်ချိန်းပယ်ဖျက်၍ အောင်မြင် ပါသည်ဟု ပေါ်လာမည် -




၇။ မရှင်းလင်းပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(၁) ရုံးချုပ်(နေပြည်တော်) - ၀၆၇ - ၃၄၀၅၀၉၉

(၂) တိုင်းဒေသကြီးရုံး(မန္တလေး) - ၀၂ - ၄၀၃၆၁၁၃

(၃) ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) - ၀၂ - ၄၀၃၆၆၉၇

(၄) ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) - ၀၂ - ၄၀၆၁၈၃၆

(၅) Online Booking System - ၀၂ - ၄၀၆၆၁၆၉